# လူငယ်တန်းအတွက် ကမ္ဘာ့သာသနာသတင်း

## ၂၀၂၄ ခုနှစ်၊ ပထမကွာတာ

ဤ ၁၃ ပတ်အလှူငွေသည် တောင်ပိုင်းအာရှဒီဗီဇံအတွင်းစီမံကိန်း ၁၀ ခုကို ထောက်ပံ့ကူညီသွားမှာဖြစ်သည်။

(၁) အိန္ဒိယနိုင်ငံ၊ ပါလကပ်မှာရှိတဲ့ ကျောင်းအတွက်လိုအပ်တဲ့ အထောက်အကူပစ္စည်းများနဲ့ ကျောင်းအဆောက်အအုံအတွက်။

(၂) အိန္ဒိယနိုင်ငံမှာရှိတဲ့ အင်္ဂလိပ်ဘုရားကျောင်းနဲ လိုရီတက္ကသိုလ်အတွက်။

(၃) အိန္ဒိယနိုင်ငံ၊ ဘင်ဂါလူ မှာဆောက်လုပ်မယ့် ဗဟိုအင်္ဂလိပ်ဘုရားကျောင်းအတွက်။

(၄) အိန္ဒိယနိုင်ငံ၊ အူရန်ဂါဘတ်မှာ အထက်တန်ကျောင်းတည်ဆောက်ဖို့။

(၅) အိန္ဒိယနိုင်ငံ၊ တန်ဂျာဗာမှာ အမျိုးသမီးအဆောင်တည်ဆောက်ဖို့။

(၆) အိန္ဒိယနိုင်ငံ၊ ပါစရ်၊ မှာ ကလေးများအတွက်ဗဟိုခန်းမဆောင်နဲ့ အမျိုးသမီးများအတွက် အဆောင်တည်ဆောက်ဖို့။

(၇) အိန္ဒိယနိုင်ငံ၊ မန်ဂီနာပူဒီမှာ ခန်းမဆောင်၊ ထမင်းရုံနဲ့ လူငယ်လေ့ကျင့်ရေးအဆောက်အအုံများကိုပြန်လည်မွမ်းမံပြုပြင်ဖို့အတွက်။

(၈) အိန္ဒိယနိုင်ငံ၊ အယ်နီမှာ ကျောင်းဆောင်များပြန်လည်မွန်းမံပြုပြင်ဖို့။

(၉) အိန္ဒိယနိုင်ငံ၊ အာဒါမန်ကျွန်းမှာ ကျောင်းဆောင်အသစ်များတည်ဆောက်ဖို့။

(၁၀) နီပေါမှာ ကျောင်းခန်းများတည်ဆောက်ဖို့နဲ့ ရုံးခန်းအဆောက်အအုံ

# ခရစ်စမတ်အံ့ဘွယ်ရာ

အနူရ၊ အိန္ဒိယ ဇန်နဝါရီလ ၆

၄ နှစ်အရွယ်အနူရဟာလမ်းမလျှောက်နိုင်၊မထနိုင်၊မထိုင်နိုင်ဘူး။ ကလေးဘယ်လိုဖြစ်သလဲဆိုတာသူ့အမေဟာနားမလည်နိုင်ဘူးဖြစ်တယ်။ သူဟာအိန္ဒိယနိုင်ငံကလကတ္တားမြို့မှာကျန်းမာစွာမွေးဖွားခဲ့ပါတယ်။ သို့သော်ကြီးလာတာနဲ့အားနဲချို့တဲ့လာခဲ့ပါတယ်။ သူ့အမေဟာဆရာဝန်ဆီကိုသွားပါတယ်။ သို့သော် ကလေးအားနည်းရတဲ့အကြောင်းဆရာဝန်ရှင်းပြတာသူနားမလည်နိုင်ဘူး။ ဆေးရုံကိုအကူညီရဖို့သွားသော်လည်းအကူညီရမယ့်ပုံမတွေ့ခဲ့ရဘူး။သူ့အမေဟာသူ့သားလေးကိုဘယ်လိုကူညီရမလဲမစဉ်းစားတတ်ဘူး။ ခရစ်စမတ်တစ်နေ့မှာအနူရနဲ့သူ့အမေဟာဂင်္ဂါမြစ်နားမှာရှိတဲ့အိမ်မှာနေစဉ်သီချင်းသံကိုကြားရပါတယ်။ သူ့စိတ်ထဲမှာဒီသီချင်းသံဘယ်ကလာသလဲစဉ်းစားမိပါတယ်။ ဒါနဲ့မေမေကအိမ်ရဲ့အပြင်ကိုကြည့်လိုက်တဲ့အခါမြက်ခင်းပေါ်မှာထိုင်ပြီးသီချင်းဆိုနေတဲ့ခရစ်ယာန်တစ်စုကိုတွေ့ပါတယ်။ သူတို့ဟာခရစ်စမတ်ကျင်းပဖို့ရန်ဂင်္ဂါမြစ်ဘေးမြက်ခင်းပေါ်ကိုလာပြီးကျင်းပခြင်းဖြစ်ပါတယ်။ အဲဒီအဖွဲ့ရဲ့ခေါင်းဆောင်ဟာကမ္ဘာ့သာသနာအမှုဆောင်စူမန်တာပဲဖြစ်ပါတယ်။ သူဟာ အန္ဒိယလူမျိုးဖြစ်ပါတယ်။ အခြားအိန္ဒိယလူမျိုးတွေကိုခရစ်တော်ရဲ့ကယ်တင်ခြင်းကိုဝေငှတဲ့သူဖြစ်ပါတယ်။ စူမန်တာဟာလူတွေကိုစုပြီးခရစ်စမတ်လာကျင်းပခြင်းဖြစ်ပါတယ်။ အနူရအမေကခရစ်ယာန်များကိုသူ့သားလေးအတွက်ဆုတောင်းပေးဖို့တောင်းဆိုပါတယ်။ စူမန်တာက ကျနော်တော့မတတ်နိုင်ပါဘူး။ သို့သော်ခရစ်တော်ယေရှုကိုယုံကြည်ရင်သူကူညီနိုင်ပါတယ်လို့အနူရအမေကိုပြန်ဖြေလိုက်ပါတယ်။ အနူရအမေကလည်းငါဘုရားတွေအများကြီးကိုးကွယ်ခဲ့ပြီ။ ဒါပေမယ့်ငါ့သားကိုမကူညီနိုင်ကြဘူး။ တကယ်လို့ခရစ်တော်ယေရှုဟာငါ့သားကိုကူညီနိုင်ရင်ငါကိုးကွယ်ယုံကြည်မယ်လို့ဆုံးဖြတ်လိုက်တယ်။ အနူရမေမေဟာနှုတ်ကပတ်တော်ကိုလူတွေနဲ့အတူလေ့လာတာ သုံးလလောက်ကြာခဲ့ပါတယ်။ မေမေဟာကျမ်းစာလေ့လာတဲ့အဖွဲ့နဲ့သစ္စာရှိစွာနှုတ်ကပတ်တော်ကိုလေ့လာခဲ့ပါတယ်။ ခြောက်လကြာတဲ့အခါအနူရမေမေကသူ့ရဲ့နှုတ်ကပတ်တော်လေ့လာတဲ့မိတ်ဆွေတွေကိုအံ့ဖွယ်ရာသတင်းကိုကြေငြာခဲ့ပါတယ်။ အကြောင်းကတော့သူ့သားအနူရဟာခရစ်တော်မစကူညီခြင်းအားဖြင့်လမ်းလျှောက်နိုင်၊ထိုင်နိုင်၊ထနိုင်ပြီဖြစ်ကြောင်းဝမ်းသာအားရကြေငြာလိုက်ပါတယ်။

မေမေဟာအနူရထိုင်နိုင်တာတွေ့တဲ့အခါယေရှုအပေါ် သူ့ရဲ့ယုံကြည်ခြင်းတိုးပွား လာပါတယ်။ သူ့အနေနဲ့အခြားဘုရားကိုဆုတောင်းခဲ့တယ်။ ဒါပေမယ့်ဘယ်ဘုရားမှမကူညီ နိုင်ဘူး။ ယေရှုတစ်ပါးတည်းသာဆုတောင်းချက်ကိုကူညီနိုင်တဲ့အတွက်ယေရှုဘုရားကိုပဲကိုး ကွယ်ဖို့ဆုံးဖြတ်ခဲ့ပါတယ်။ ဧပြီလ ၁ရက် ရာသီဉတုသာယာတဲ့နေ့မှာဂင်္ဂါမြစ်ထဲမှာနစ်ခြင်းမင်္ဂ လာခံယူခဲ့ပါတယ်။အခုသူ့သားဟာအင်အားတွေတိုးတက်လာပါတယ်။ခုချိန်မှာတော့အနူရ ဟာ ၆ နှစ်ရှိပါပြီ။ အခြား ၆နှစ်ကလေးတွေလိုပဲလှုပ်ရှားသွားလာနိုင်ပါ တယ်။

ဤ ၃ လပတ်ပိုလျှံတဲ့အလှူငွေဟာ အိန္ဒိယပြည်သာသနာပျံ့ပွားဖို့ပံ့ပိုးကူညီမှာဖြစ် ပါတယ်။ ကျေးဇူးအထူးတင်ပါတယ်။

## အိန္ဒိယမှာအပျော်ဆုံးယောကျ်ားလေး

ယောရှု၊ အိန္ဒိယ ဇန်နဂါရီလ ၁၃

ဆယ်နှစ်သားယောကျ်ားလေးတစ်ယောက်ဟာကျောင်းတက်ချင်လွန်းလို့နေမကောင်းတောင်ဖြစ်ခဲ့ရပါတယ်။ ယောရှုဟာအိန္ဒိယမှာနေပါတယ်။ ကျောင်းတစ်ခါမှမတက်ခဲ့ရပါဘူး။ သူဟာကောင်းတဲ့မှတ်ဉာဏ်ရှိပြီး ကြားတဲ့အရာတွေကိုမှတ်မိတယ်။ သူ့မိဘတွေကသူ့ကိုအကောင်းဆုံးချစ်ပေးကြပေမယ့်ကျောင်းတော့မထားနိုင်ကြဘူး။ ယောရှုဟာသူ့လိုကလေးတွေနဲ့ဂန်းရုံထားတဲ့မြို့မှာနေပါတယ်။ အဲဒီယောကျ်ားလေးမိန်းကလေးတွေရဲ့မိဘတွေဟာဆင်းရဲကြလို့သူတို့ကိုကျောင်းမထားနိုင်ဘူး။ ဒါကြောင့်မိဘတွေစက်ရုံအလုပ်ရုံမှာသွားပြီးတစ်နေ့လုံးအလုပ်လုပ်တဲ့အချိန်မှာသူတို့လေးတွေဟာအိမ်မှာတစ်နေ့လုံးဆော့ကစားကြပါတယ်။ ယောရှုလည်းကစားချင်ပါတယ်။ သို့သော်စာကိုပိုပြီးသင်ယူချင်ပါတယ်။ ဒါကြောင့်သူကအချိန်ကြာလာတဲ့အခါမှာထွက်ပြီးမကစားတော့ပဲ အိမ်ထဲမှာပဲနေခဲ့ပါတယ်။ အိမ်ထဲမှာပဲနေတဲ့အတွက်နေမကောင်းသလိုဖြစ်လာပါတယ်။ သူအလွန်ကျောင်းတက်ချင်ပါတယ်။ သူ့ရဲ့မိဘတွေနဲ့အိမ်နီးနားချင်းတွေသူ့အတွက်စိုးရိမ်လာကြပါတယ်။ တစ်နေ့တော့သူ့မိဘတွေဟာအစားအသောက်တွေဂယ်ဖို့ဈေးကိုသွားတဲ့အခါသူ့ကိုလည်းခေါ် သွားပါတယ်။ ဈေးထဲသွားတဲ့လမ်းမှာ သတ္တမနေ့ဥပုသ်အသင်းတော်ရဲ့ကျောင်းရှိပါတယ်။ သူတို့ဖြတ်သွားတဲ့အခါကျောင်းသူကျောင်းသားတွေဘောင်းဘီအပြာစကတ်အပြာနဲ့ အကျီအဖြူဂတ်ပြီးလက်ထဲမှာလဲစာအုပ်တွေနဲ့ဘုရားရှိခိုးဖို့စုပေါင်းပြီးသီချင်းဆိုနေတာသူတွေ့ရပါတယ်။ယောရှုကကျောင်းရဲ့ဂိတ်ဂမှာရပ်ပြီးကျောင်းနေချင်တဲ့စိတ်နဲ့စိတ်ဂင်စားစွာကြည့်နေခဲ့ပါတယ်။ သူတို့နဲ့အတူရှိနေချင်တယ်။ သူတို့လိုအပြာနဲ့အဖြူဂတ်စုံကိုဂတ်ချင်တယ်။ လက်ထဲမှာသူတို့လိုစာအုပ်ကိုင်ပြီးသူတို့လိုသီချင်းဆိုချင်တဲ့ဆန္ဒမျက်နှာမှာပေါ် လွင်နေတာတွေ့ရတယ်။ သူ့အဖေနဲ့အမေကသူတို့သားရဲ့မျက်နှာမှာကျောင်းတက်ချင်တဲ့ဆန္ဒကိုတွေ့ရတဲ့အခါကျောင်းဂင်းထဲဂင်ပြီးမေးမြန်းစုံစမ်းကြပါတယ်။ ဆရာဟာသူတို့ကိုဒီကျောင်းဟာသတ္တမနေ့မြော်လင့်ခြင်းရဲ့ကျောင်းဖြစ်ပြီးဂင်းထဲမှာလည်းဘုရားကျောင်းရှိကြောင်းရှင်ပြခဲ့ပါတယ်။ အသင်းအုပ်ဆရာနဲ့လည်းမိတ်ဆက်ပေးခဲ့ပါတယ်။

ယောရှုရဲ့မေမေနဲ့ဖေဖေဟာခရစ်ယာန်မဟုတ်ပါဘူး။ သို့သော်သူတို့ဆုတောင်းတတ်ကြပါတယ်။ သူတို့ဟာသူတို့ရဲ့ဘုရားကိုအမြဲတမ်းဆုတောင်းကြပါတယ်။ ဒါကြောင့်

ယောရှုရဲ့အမေနဲ့အဖေကတရားဟောဆရာကို ယောရှုအတွက်သူ့ဘုရားထံဆုတောင်းပေး ဖို့တောင်းဆိုပါတယ်။ အသင်းအုပ်ဆရာကလည်းဆုတောင်းပေးပါတယ်။ ဆုတောင်းပြီးတဲ့ အခါအသင်းအုပ်ဆရာကယောရှုရဲ့အဖေနဲ့အမေကိုသူဆုတောင်းပေးတဲ့ဘုရားအကြောင်း ကိုပြောပြပါတယ်။ ယေရှုကကမ္ဘာကိုဖန်းဆင်းတဲ့ဘုရား၊ သူဟာသင်နဲ့ကျွန်ုပ်ကိုဖန်ဆင်းခဲ့ တယ်။ ယောရှုကိုလည်းဖန်ဆင်းခဲ့တယ်လို့ရှင်းပြခဲ့ပါတယ်။ ယောရှုဖခင်ဟာအသင်းအုပ် ဆရာကို မိဘကမထောက်ပံ့နိုင်ပေမယ့်ကျောင်းတက်လို့ရနိုင်ပါသလား လို့မေးပါတယ်။ အ သင်းအုပ်ဆရာကလည်းကျောင်းအုပ်ကိုမေးပေးမယ်လို့ပြန်ဖြေခဲ့ပါတယ်။ ယောရှုရဲ့မျက်နှာ မှာမျှော်လင့်ချက်နဲ့ပြည့်ဝနေပြီး တရားဟောဆရာကဘုရားသခင်ဆီဆုတောင်းတာကိုသေ ချာနားထောင်ခဲ့ပါတယ်။ ပြီးတော့ငါကျောင်းတက်ရဖို့ငါယေရှုဘုရားသခင်ဆီဆုတောင်းမယ် လို့ပြောပြီးသူကိုယ်တိုင်ဆုတောင်းခဲ့ပါတယ်။ အသင်းအုပ်ဆရာကယုံကြည်ခြင်းနဲ့ဆုတောင်း ပဌနာကိုဘုရားနားညောင်းတယ်လို့သက်သေခံသွားပါတယ်။ ခုချိန်မှာယောရှုဟာသတ္တမနေ့ မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာတက်နေပါပြီ။ အသက်လည်း ၁၃နှစ်ရှိနေပါပြီ။ သူဖြစ် ချင်ခဲ့သလိုပဲ အဖြူအပြာကျောင်းဝတ်စုံကိုဝတ်ဆင်ပြီး စာအုပ်ကိုလည်းကိုင်ပြီးဘုရားသီချင်း တွေကိုလည်းသီဆိုချီမွမ်းနေပြီဖြစ်ပါတယ်။ ကျောင်းအုပ်ကလည်း ယောရှုကိုထောက်ပံ့ဖို့လူ တစ်ယောက်ကိုရှာတွေ့ခဲ့ပါတယ်။ ယောရှုက ကျောင်းအုပ်ဆရာနဲ့အသင်းအုပ်ဆရာတို့ဟာ ကျနော့်အပေါ်မှာအလွန်ကောင်းခဲ့ကြပါတယ်လို့ပြောပါတယ်။ ယေရှုဘုရားကျနော့်ရဲ့ဆု တောင်းသံကိုနားညောင်းတဲ့အတွက်အလွန်ကျေးဇူးတင်ပါတယ်။

ခု ၁၃ပတ်အလှူငွေရဲ့တချို့တဂက်ဟာ ယောရှုတက်နေတဲ့အော်ရမ်ဘတ်ကျောင်း ကိုတိုးချဲ့ဆောက်လုပ်ဖို့ရန်အတွက်ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။အထူးပဲကျေးဇူးတင် ပါတယ်။

## အချိန်အတော်ကြာစောင့်ရတဲ့ကလေး

ဒံယေလ၊ အိန္ဒိယ ဇန်နဝါရီလ ၂၀

အိန္ဒိယမှာနေတဲ့ဇနီးမောင်နှံနှစ်ယောက်ကကလေးကိုအခြားအရာတွေထက်လိုချင်နေကြတယ်။ဆရာဝန်အတော်များများဆီကိုသွားပေမယ့်ကလေးမမွေးကြပါဘူး။ယောကျ်ားကသူ့မိန်းမကိုဘယ်ဆရာဝန်ဆီကိုမှမသွားနိုင်တော့ဘူး။ သူတို့ဘာမှမကူညီနိုင်ဘူးလို့သူ့ဇနီးကိုပြောလိုက်တယ်။ သို့သော်သူကအကြံတစ်ခုကိုရလိုက်ပြီးဘုရားဆီကိုဆုတောင်းရအောင်လို့သူ့မိန်းမကိုပြောလိုက်ပါတယ်။ ဒါနဲ့သူတို့အတူတကွဆုတောင်းကြတယ်။ သို့သော်လည်းကလေးတစ်ယောက်မှမွေးမလာဘူး။ တစ်နှစ်၊ နှစ်နှစ်၊ ဆယ်နှစ်ကြာလာပေမယ့်လည်းကလေးတစ်ယောက်မှမွေးမလာသေးဘူး။ မိတ်ဆွေတွေကလည်းပူပန်ပေးလာတယ်။ တချို့ကလည်းအကြံပေးကြတယ်။ တချို့ကလည်းသူတို့ကိုနောက်ပြောင်ကြတယ်။ သို့သော်အဲဒီအမျိုးသားနဲ့အမျိုးသမီးဟာဆက်ပြီးဆုတောင်းကြတယ်။ သူတို့ဟာနံနက်စောစော ၃နာရီမှာအတူတကွဒူးထောက်ပြီးကလေးရဖို့ဆန္ဒကိုဘုရားထံဆုတောင်းကြတယ်။ သူတို့ဂန်ထုပ်ကိုဘုရားသခင်ထံဝေငှကြတယ်။ အမျိုးသားက အိုဘုရားသခင်ကျနော်ဟာ လူတွေအတွက်ရိစရာလှောင်စရာဖြစ်နေပြီ။ လူတွေကကျနော်တို့ကိုရီနေကြပြီ။ ကျနော်တို့ကလေးလိုချင်ပါတယ်။ ကျနော်တို့ကိုကူညီပါဆိုပြီးဘုရားကိုပြောပြီးဆုတောင်းကြပါတယ်။ တစ်နေ့မှာအမျိုးသားရဲ့ ညီအကိုဇနီးမောင်နှံဟာအကြံတစ်ခုကိုရတယ်။ အဲဒီအကြံကိုသူတို့ကိုပြောပြတယ်။ ငါတို့မှာကလေးနှစ်ယောက်ရှိပြီ။ မကြာခင်သုံးယောက်မြောက်မွေးလာတော့မယ်။ ဒါကြောင့်အဲဒီမွေးလာတဲ့ကလေးကိုမင်းတို့ကိုပေးမယ်လို့ပြောတဲ့အခါမှာ သူတို့ဇနီးမောင်နှံဟာအရမ်းပျော်ကြတယ်။ အဲဒီလောက်တစ်ခါမှမပျော်ခဲ့ကြဘူး။ညနက်သန်းခေါင်ထိတောင်အိပ်လို့မရခဲ့ကြဘူး။အဲလိုချစ်စရာကောင်းတဲ့ညီအကိုပေးတဲ့ဘုရားကိုလည်းကျေးဇူးတင်ကြတယ်။ကိုးလကြာတဲ့အခါမောရှေလေးမွေးလာပါတော့တယ်။ အဲဒီလင်မယားဟာဆေးရုံမှာကလေး အသံကိုကြားတဲ့အခါပြုံးပျော်ရွှင်ကြတယ်။ဇနီးသည်ရဲ့အသက်တာမှာအဲဒီလောက်မပျော်ခဲ့ဖူးဘူး။

မကြာခင်မှာပဲသူ့ရဲ့ပျော်ရွှင်မှုဟာနှစ်ဆတိုးလာခဲ့တယ်။ သူ့မှာလည်း ကိုယ်ဝန်ရှိလာပြီဆိုတာသိရပါတယ်။ အမျိုးသမီးကနောက်ဆုံးတော့ဘုရားသခင်ဟာတို့ရဲ့ဆုတောင်းသံကိုအဖြေပေးခဲ့ပြီလို့ပြောပါတယ်။ သူကဆက်ပြီးဘုရားဟာကျနော်တို့ကိုတစ်ယောက်မ

ဟုတ်ဘူး။ နှစ်ယောက်တောင်ပေးတဲ့အတွက်ဘုရားကိုကျေးဇူးအထူးတင်တယ်လို့ပြောပါတယ်။ အမျိုးသားကလည်းအထူးဝမ်းသာတဲ့အတွက်ညမှာတောင်အိပ်မရခဲ့ဘူး။ ဒီလိုနဲ့ ကိုးလကြာလာတဲ့အခါ ဒံယေလလေးမွေးလာပြန်ပါတယ်။ ဒီကနေ့အဲဒီအမျိုးသမီးနဲ့အမျိုးသားဟာ အဖေနဲ့အမေဖြစ်လာပါပြီ။ တစ်ယောက်တောင်မကဘူး။ နှစ်ယောက်သောသားလေးတွေရဲ့မိခင်ဖခင်ဖြစ်နေပါပြီ။ ဒံယေလဟာအိမ်ကိုပျော်စေခဲ့ပါတယ်။ သူတို့လေးတွေအတူတူကြီးပြင်းလာကြပါတယ်။ ပိုအရေးကြီးတာက ဒီယောကျာ်းလေးတွေအားဖြင့်ဆုတောင်းသံကိုနားညောင်းပေးတဲ့ဘုရားအကြောင်းကိုလေ့လာသင်ကြားရကြပါတယ်။

ဤ ၃ လပတ်အလှူငွေရဲ့တချို့တဝက်ကိုအော်ရမ်ပတ်မှာရှိတဲ့ မောရှေနဲ့ဒံယေလတို့တက်နေတဲ့ကျောင်းကိုထပ်မံပြင်ဆင်မွန်းမံဖို့ထောက်ပံ့ကူညီမှာဖြစ်ပါတယ်။ လှူဒါန်းတဲ့အတွက်အထူးပဲကျေးဇူးတင်ပါတယ်။ ဘုရားကောင်းကြီးချပေးပါစေ။

# ချစ်သောကောင်းကင်ခမည်းတော်

ကာရန်၊ နီပေါ

ဇန်နဝါရီလ ၂၇

ကာရန်ဟာနီပေါနိုင်ငံအရှေ့ဘက်ဝေးလံတဲ့တောင်တန်းမှာရှိတဲ့ရွာကလေးတရွာမှာမွေးဖွားခဲ့ပါတယ်။ သူကသူ့ရဲ့မိခင်ကိုသိပ်ပြီးသတိမရတော့ပါဘူး။ သူသတိရတာကတော့သူ့အမေဟာအမြဲနေမကောင်းဖြစ်တယ်။ ရောဂါဆိုးတဲ့အခါတက်တတ်တယ်။ ပြီးတော့ရုတ်တရက်လဲကျပြီးကြမ်းပြင်ပေါ်မှာလဲ့ပြီး အိပ်သလိုဖြစ်သွားတယ်။ သူ့ရဲ့အမေလဲ့ကျသွားပြီးငြိမ်နေတဲ့အခါသူကြောက်ပါတယ်။ နောက်သူ့အမေဟာပြန်ထလာပါတယ်။ သူ့အမေနဲ့ပတ်သက်ပြီးဘာတွေမှားနေလဲဆိုတာဆရာဝန်တွေကမပြောနိုင်ကြပါဘူး။ ဆေးတွေပေးပေမယ့်လည်းကောင်းမလာခဲ့ဘူး။ တစ်နေ့တော့ကာရန်မေမေဟာလဲကျသွားပြီးဘယ်တော့မှပြန်ထမလာတော့ပါဘူး။ ကာရန်မှာမေမေမရှိတော့ပါဘူး။ သူတအားဝမ်းနည်းပါတယ်။ သူ့အဖေလည်းအရမ်းဝမ်းနည်းတဲ့အတွက်အရက်ကိုအလွန်အကျွံသောက်ပါတယ်။ ကာရန်ဖေဖေကခြံထဲသွားပြီးစိုက်ပျိုးရေးလုပ်ပါတယ်။ သို့သော်အရက်သောက်လွန်းတဲ့အတွက်အလုပ်မလုပ်နိုင်ပဲကြာရှည်စွာလဲလျောင်းတတ်ပါတယ်။ တခါတရံလည်းညနေမိုးချုပ်တဲ့အထိအိမ်ကိုပြန်မလာတတ်ပါဘူး။ ကာရန်ဟာထမင်းစားဖို့သူ့အဖေကိုစောင့်ရင်းနဲ့အိပ်ပျော်သွားတတ်ပါတယ်။ တခါတလေဗိုက်ဆာတဲ့အခါသူ့ကိုယ်သူနှစ်သိမ့်ရင်းနဲ့အိပ်ခဲ့ရပါတယ်။ ကာရန်ဟာသူ့ကိုချစ်တဲ့မေမေနဲ့သူ့ကိုချစ်တဲ့ဖေဖေကိုလိုချင်တောင့်တရှာပါတယ်။ ကာရန်ရဲ့အခြေအနေကိုသူ့အဒေါ်ကတွေ့တဲ့အခါစိတ်မကောင်းဖြစ်ရပါတယ်။ သူ့အဒေါ်ကသူတို့နဲ့မနီးမဝေးရွာလေးမှာနေပါတယ်။ ဒါနဲ့သူ့အဒေါ်ဟာသတ္တမနေ့မြော်လင့်ခြင်းအသင်းတော်ရဲ့အသင်းအုပ်ဆရာဆီကာရန်ရဲ့အခြေအနေကိုပြောပါတယ်။ ဓမ္မဆရာလည်းကာရန်ကိုသနားမိတဲ့အတွက် အသင်းတော်ရဲ့မိဘမဲ့ဂေဟာကိုပို့ဖို့အကြံပြုတဲ့အခါ ကာရန်ရဲ့အဒေါ်လည်းဝမ်းသာပြီးသဘောတူခဲ့ပါတယ်။ ဒီလိုနဲ့ကာရန်ဟာမိဘမဲ့ဂေဟာကိုရောက်ခဲ့ပါတယ်။အဲဒီမှာသူအလွန်ပျော်သွားပါတယ်။ဘာလို့လဲဆိုတော့အချိန်မှန်မှန်အစာစားရတယ်။သူငယ်ချင်းတွေလည်းအများကြီးရတယ်။ ဘုရားသခင်ဟာသူ့ကိုချစ်တဲ့ကောင်းကင်ကဖခင်ဖြစ်ကြောင်းကိုလည်းသူသိရလို့ အလွန်ပဲဝမ်းသာရခဲ့ပါတယ်။ ဒီနေ့ကာရန်ဟာဝမ်းမြောက်ပျော်ရွှင်တဲ့လူငယ်လေးတစ်ယောက်ဖြစ်ပါတယ်။

ဤ ၁၃ ပတ်ရဲ့အလှူငွေတချို့ဟာကာရန်ကျောင်းတက်နေတဲ့နီပေါကျောင်းကို ကူညီပံ့ပိုးသွားမှာဖြစ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

# တစ်ခါတုန်းကဆင်းရဲခဲ့ပြီး အခုချမ်းသာတယ်

အာစ်မစ်တာ၊ နီပေါ ဖေဖော်ဂါရီ ၃

ငါးနှစ်အရွယ်အာစ်မစ်တာဟာနီပေါမှာရှိတဲ့အလွန်ဆင်းရဲတဲ့မိသားစုမှာနေပါတယ်။ သူ့မိဘတွေဟာအလွန်ဆင်းရဲတဲ့အတွက်တခါတလေသူ့ကိုနံနက်စာနေ့လည်စာညစာပုံမှန်မကျွေးနိုင်ပါဘူး။ သူ့ကိုကျွေးဖို့ ဆန်၊အာလူး၊ဂေါ်ဖီထုပ်တွေလုံလောက်စွာသူတို့မှာမရှိဘူး။ တခါတလေအာစ်မစ်တာတနေ့လုံးဗိုက်ဆာဆာနဲ့နေပြီးအိပ်ယာဝင်ရပါတယ်။ တစ်နေ့မှာ အာစ်မစ်တာမိဘတွေဟာအလွန်ဆင်းရဲတဲ့အတွက်ဆောင်းရာသီအတွက်အနွေးထည်အကျီကိုသူ့အဖို့မဝယ်ပေးနိုင်ပါဘူး။ နီပေါမှာဆောင်းရာသီဆိုရင်အရမ်းအေးပါတယ်။ တောင်တန်းတွေလည်းမြူနှင်းတွေနဲ့ပြည့်နေပါတယ်။အာစ်မစ်တာမိဘတွေဟာသူ့အတွက်ကောင်းပြီးထူထဲတဲ့အပေါ် ရုံအကျီ၊သိုးမွေးခြေစွပ်နဲ့သိုးမွေးဘွတ်ဖိနပ်တွေကိုမဝယ်ပေးနိုင်ပါဘူး။ ဒါကြောင့် အာစ်မစ်တာဟာဆောင်းတွင်းမှာအရမ်းချမ်းပါတယ်။ တစ်နေ့မှာသူ့အမေဟာသူနဲ့သူ့ဖခင်ကိုချန်ထားပြီးအိမ်ကထွက်သွားတယ်။ ပြီးတော့တခြားလူတစ်ယောက်နဲ့လက်ထပ်လိုက်တယ်။ အာစ်မစ်တာဟာအလွန်ဝမ်းနည်းရပါတယ်။ သူ့အမေကိုလည်းဘယ်တော့မှမတွေ့ရတော့ပါဘူး။ သူ့ဖခင်လည်းတစ်ယောက်ထဲမနေတတ်တဲ့အတွက်နောက်မိန်းမတစ်ယောက်ကိုယူလိုက်ပါတယ်။ အာစ်မစ်တာဟာအမေအသစ်တစ်ယောက်ရတဲ့အတွက်အလွန်ဝမ်းသာခဲ့ပါတယ်။ သို့သော်သူ့ရဲ့ဝမ်းသာမှုဟာမကြာရှည်ခဲ့ပါဘူး။ သူ့မိထွေးမှာကလေးနှစ်ယောက်ပါလာပြီး အဲဒီသူ့ကလေးနှစ်ယောက်ကို အာစ်မစ်တာထက်ပိုချစ်ပြီးအရေးပေးပါတယ်။ အစာဆိုရင်လည်းအဲဒီကလေးတွေစားပြီးမှအာစ်မစ်တာစားရပါတယ်။ အိမ်ရဲ့အလုပ်အကိုင်အားလုံးကိုလည်းအာစ်မစ်တာကူလုပ်ရပါတယ်။ ကျန်တဲ့ကလေးနှစ်ယောက်ကတော့ဘာမှမလုပ်ရပါဘူး။ အာစ်မစ်တာအသက်ရှစ်နှစ်အရွယ်မှာအိမ်နီးချင်းတစ်ယောက်ကသတ္တမနေ့အသင်းတော်ပိုင်မိဘမဲ့ ဂေဟာအကြောင်းကိုအာစ်မစ်တာရဲ့မိထွေးကိုပြောပြပါတယ်။ အဲဒီဂေဟာကမိဘမဲ့တွေနဲ့ မိဘမထောက်ပံ့နိုင်တဲ့ကလေးတွေကိုကြည့်ရှုပေးကြောင်းပြောပြပါတယ်။ သူ့အဖေနဲ့မိထွေးတို့ဟာအချင်းချင်းကြည့်ပြီးသူတို့ကြားရတဲ့အကြောင်းအရာကိုနှစ်သက်ကြပါတယ်။အာစ်မစ် တာကိုတောင်မတိုင်ပင်ပဲသူ့ကိုမိဘမဲ့ဂေဟာပို့လိုက်ပါတယ်။

မိန်းကလေးငယ်တစ်ယောက်အနေနဲ့နေရာအသစ်ကိုပို့ခံရတာအနည်းငယ်သူ့အတွက်ကြောက်စရာကောင်းပါတယ်။ သို့သော်သူဟာလျှင်မြန်စွာအဆင်ပြေအောင်နေထိုင်ခဲ့

ပါတယ်။ သူအဲဒီနေရာကိုကြိုက်တယ်။မနက်စာနေ့လည်စာနဲ့ညနေစာကိုလည်းအာစ်မစ်တာ ကြိုက်ပါတယ်။ ဆောင်းရာသီမှာဂတ်ရတဲ့လေးတဲ့အဂတ်အစားကိုလည်းသူကြိုက်ပါတယ်။ နေ့စဉ်ကျောင်းကိုသွားပြီးအသစ်အဆန်းတွေလေ့လာရတာကိုလည်းသူကြိုက်ပါတယ်။အရင်ကသူအဲဒီလိုကျောင်းကိုမသွားခဲ့ရပါဘူး။ အထူးသဖြင့်ဘုရားကျောင်းသွားပြီးသီချင်းဆိုရတာ ယေရှုအကြောင်းကြားနာရတာကိုအထူးပဲနှစ်သက်ပါတယ်။ အရင်ကဘုရားကျောင်းကိုတခါမှမရောက်ခဲ့ပါဘူး။ မိဘမဲ့ဂေဟာကိုသူပြောင်းသွားတာ ၆နှစ်ရှိပါပြီ။ ဒီနေ့မှာသူဟာအလွန်ပျော်တဲ့ကလေးမလေးတစ်ယောက်ဖြစ်နေပါပြီ။ ကျမကိုဒီနေရာပို့ဆောင်ပေးတဲ့ကောင်းကင်ကအဖခမည်းတော်ကိုအထူးပဲကျေးဇူးတင်ပါတယ် လို့သူပြောပါတယ်။ ဒီနေ့ဒီနေရာကိုမရောက်ခဲ့ရင်ဘုရားသခင်ကိုကျမသိရမှာမဟုတ်ဘူး။ ခုချိန်မှာကျမရဲ့ကယ်တင်ရှင်ကဘယ်သူလဲဆိုတာကျမသိရပါတယ်။ သူမဟာစာကိုလည်းကြိုးစားလေ့လာနေပါတယ်။ တစ်နေ့မှာသူ့လိုဒုက္ခရောက်တဲ့ကလေးတွေကိုပြန်ပြီးကူညီချင်ပါတယ်။ ကျမအတွက်ဆုတောင်းပေးပါ။ တစ်နေ့မှာ ကျမလိုဒုက္ခရောက်တဲ့ကလေးတွေကိုကူညီနိုင်ဖို့ဘုရားသခင်ကျမကိုအသုံးပြုနိုင်ဖို့ဖြစ်ပါတယ်။

ဤ ၁၃ပတ်အလှူငွေကိုအာစ်မစ်တာလိုကလေးတွေတက်တဲ့ကျောင်းကိုပြန်ပြီး တည်ဆောက်ဖို့ကူညီသွားမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

# ယောကျ်ားလေးအတွက်အိမ်

စူဒစ်၊ နီပေါ ဖေဖော်ဝါရီ ၁၀

၁၁ နှစ်အရွယ်စူဒစ်လေးဟာသူ့အဖေရုတ်တရက်ဖျားပြီးဆေးရုံကိုပို့လိုက်ရတဲ့အတွက်သူထိတ်လန့်သွားခဲ့တယ်။ ဆရာဝန်ဟာသေချာစွာဖေဖေရဲ့အသဲ၊ကျောက်ကပ်၊နှလုံးတွေကိုသေချာစမ်းသပ်စစ်ဆေးပါတယ်။ တစ်ခုမှအလုပ်ကောင်းကောင်းမလုပ်တော့ပါဘူး။ ဆရာဝန်က အခြေအနေတော်တော်ဆိုးတယ်။ ကလီစာတွေတစ်ခုမှအလုပ်မလုပ်တော့ဘူး။ အရက်အလွန်အကျွံသောက်တဲ့အတွက်ဖြစ်တယ် လို့ပြောပါတယ်။ စူဒစ်အဖေဟာ ဆောက်လုပ်ရေးလုပ်သားတစ်ယောက်ဖြစ်ပြီးအရက်လည်းအလွန်အကျွံသောက်ပါတယ်။ အလုပ်ကပြန်လာရင်လည်းအရက်သောက်တယ်။ ညနေအိမ်မှာလည်းအရက်သောက်တယ်။ အိပ်ယာထတဲ့အခါလည်းသောက်တယ်။ စူဒစ်ဖေဖေဟာ အရက်အဆိပ်သင့်ပြီးပုံပန်းသဏ္ဍာန်လည်းပျက်နေပြီဖြစ်တယ်။ နောက်ထပ်ဘာဖြစ်မလဲဆိုတာစူဒစ်လည်းခန့်မှန်းမရဖြစ်ပါတယ်။ မေမေလည်းတွေးပူနေတယ်။ဘာလို့ဆိုတော့သူ့အဖေတစ်ယောက်ထဲအိမ်ရဲ့စားဝတ်နေရေးကိုရှာကျွေးတဲ့သူဖြစ်ပါတယ်။ ဆရာဝန်က သူ့အတွက်ငါတို့အကောင်းဆုံးလုပ်ပေးခဲ့ပြီ။ ဒါပေမယ့်ဘာမှထူးခြားမှုမရှိဘူးလို့ပြောပါတယ်။ ဖေဖေရဲ့အသဲ၊ကျောက်ကပ်၊နှလုံး၊အဆုတ်တွေတစ်ခုမှအလုပ်မလုပ်တော့ပါဘူး။ ဖေဖေသေသွားတဲ့အခါစူဒစ်နဲ့သူ့မိခင်အတွက်အရမ်းမှောင်မိုက်တဲ့နေ့ဖြစ်ခဲ့ပါတယ်။ သူတို့အားရပါးရငိုကြွေးခဲ့ပါတယ်။ ဒီလိုနဲ့ရက်အတော်အတန်ကြာလာတဲ့အခါ စူဒစ်အငိုရပ်သွားပေမယ့် သူ့အမေကတော့ဆက်ပြီးငိုနေတုန်းပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့စူဒစ်ကိုဘယ်လိုပြုစုကျွေးမွေးရမလဲ မေမေကပူပန်သောကဖြစ်နေပါတယ်။ စူဒစ်ဟာ ၁၀ နှစ်သားလေးပဲရှိသေးတဲ့အတွက်မေမေကိုဘယ်လိုကူရမှန်းမသိလို့သူ့အမေနဲ့လိုက်ပြီးငိုပါတယ်။ အရာခပ်သိမ်းမျှော်လင့်ချက်မဲ့တဲ့အခါမေမေဟာသတ္တမနေ့မျှော်လင့်ခြင်းရဲ့မိဘမဲ့ဂေဟာအကြောင်းကိုကြားသိရပါတယ်။ တစ်ခုတည်းသောမျှော်လင့်ချက်ကတော့ စူဒစ်ကိုအဲဒီဂေဟာကိုပို့ဖို့ပဲဖြစ်ပါတယ်။ မေမေဟာအသင်းတော်ကိုအဖေမဆုံးခင်ကတည်းကစိတ်ဝင်စားတဲ့အတွက်သွားလေ့လာချင်ပါတယ်။ သို့သော်စူဒစ်ဖေဖေတားမြစ်တဲ့အတွက်မသွားဖြစ်ခဲ့ဘူး။ ငါတို့မျိုးရိုးမှာခရစ်ယာန်မရှိဘူးလို့စူဒစ်မေမေကိုပြောပြီးတားမြစ်ခဲ့ပါတယ်။ ခုချိန်မှာခင်ပွန်းလည်းမရှိတော့တဲ့အတွက်စူဒစ်ကိုသတ္တမနေ့မျှော်လင့်ခြင်းမိဘမဲ့ဂေဟာကိုပို့ခဲ့ပါတယ်။

စူဒစ်မိဘမဲ့ဂေဟာကိုရောက်တာတစ်နှစ်ရှိပါပြီ။ သူကအလွန်ပျော်ရွှင်တဲ့ယောကျာ်းလေးတစ်ယောက်ဖြစ်ပါတယ်။ သူက ကျနော်သတ္တမနေ့အသင်းတော်မှာကြီးပြင်းလာရတဲ့အတွက်အရမ်းဂမ်းသာပါတယ် လို့ပြောပါတယ်။ ကျနော့်ရဲ့ကယ်တင်ရှင်ဟာဘယ်သူလည်းဆိုတာကျနော်သိရပါပြီ။ ပိုပြီးသူ့အကြောင်းကိုသိလိုလေ့လာလိုပါတယ်။ ကျနော့် အသက်တာတစ်လျှောက်လုံးမှာဘုရားရဲ့အမှုတော်ကိုသာသနာပြုဆရာတစ်ယောက်အနေနဲ့ဆက်ကပ်ချင်ပါတယ် လို့ စူဒစ်ကပြောပါတယ်။ နေ့စဉ်စူဒစ်ဟာဆုတောင်းတယ်။ ခံစားရတဲ့ကောင်းကြီးအတွက်ဘုရားကိုကျေးဇူးတင်တယ်။ ဥပုသ်နေ့တိုင်းစူဒစ်ဘုရားကျောင်းသွားပါတယ်။ တစ်ချို့သောသူ့အမေရဲ့ဆွေမျိုးတွေဟာစိတ်ဆိုးပါတယ်။ သူတို့ဘာသာမှာပဲဆက်လက်နေစေချင်ပါတယ်။ မေမေလည်းဘုရားကျောင်းမှန်မှန်တက်ပါတယ်။ ကျေးဇူးပြုပြီးဆွေမျိုးတွေခရစ်တော်ကိုသိဖို့ရန်အတွက်ဆုတောင်းပေးပါ။ တနေ့ဘုရားထံရောက်လာဖို့ဖြစ်ပါတယ်။ ဆုတောင်းပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်။

ဒီ ၁၃ ပတ်အလှူငွေအတွက်အထူးကျေးဇူးတင်ပါတယ်။ ဘုရားကောင်းကြီးချပေးပါစေ။

# သွပ်အိမ်ထဲ၌ငြိမ်သက်ခြင်း

စမီတာ၊ နီပေါ ဖေဖော်ဝါရီ ၁၇

စမီတာဟာနီပေါအရှေ့ခြမ်းသေးငယ်တဲ့ရွာ၊သေးငယ်တဲ့ခြံလေးထဲကအိမ်လေးမှာနေပါတယ်။အိမ်းလေးထဲမှာလူငါးယောက်နေပါတယ်။ သူ့အမေ၊အဖေ၊အဖွား၊စမီတာနဲ့မောင်လေးတို့ဖြစ်ပါတယ်။ မိသားစုအများစုဟာကိုယ်ပိုင်အိမ်ခြံလေးထဲမှာကိုယ်စားဖို့အသီးပင်များကိုစိုက်ပျိုးကြပါတယ်။ သို့သော်စမီတာတို့ရဲ့ခြံဟာသေးငယ်တဲ့တွက်စားဖို့အသီးပင်များကိုစိုက်ပျိုးကြပါတယ်။ သို့သော်စမီတာတို့ရဲ့ခြံဟာသေးငယ်တဲ့အတွက်စားဖို့အပင်စိုက်စရာနေရာမရှိပါဘူး။ ဒါကြောင့်အမေနဲ့အဖေဟာအိမ်ကိုကျွေးမွေးဖို့တွက်ပိုပြီးအလုပ်လုပ်ရပါတယ်။ စမီတာရဲ့မိဘတွေဟာကျောင်းမနေရတဲ့အတွက်စာမဖတ်တတ်ကြပါဘူး။ သူတို့ကားမောင်းမသင်ခဲ့ရဘူး။ စာလည်းမသင်တတ်တဲ့အတွက်ခွန်အားသုံးပြီးအလုပ်လုပ်ရကြပါတယ်။ ကုန်တင်ကုန်ချ၊ ရွှေပြောင်းတဲ့အလုပ်တွေပဲလုပ်တတ်ကြပါတယ်။ ဒါကြောင့်သူတို့ဟာအလွန်ပင်ပန်းနွမ်းနယ်ကြပါတယ်။ ဒါကြောင့်နေ့ကုန်လို့အိမ်ပြန်ရောက်ရင်သူတို့လင်မယားတွေအရမ်းပင်ပန်းညောင်းညာကြပါတယ်။ အမောဖြေဖို့အရက်သောက်ကြပါတယ်။ အရက်သောက်တော့မူးလာကြတယ်။ မူးလာတော့မေမေနဲ့ဖေဖေဟာစကားများလာကြပါတယ်။ အဲဒီလိုပဲပင်ပန်းလို့အရက်သောက်တော့စကားများရန်ဖြစ်ကြပါတယ်။ ပတ်ဝန်းကျင်ကကြားတဲ့အခါအိမ်နီးချင်းတွေလာပြီးကူညီပါတယ်။ မရတဲ့အခါရဲတွေလာပြီးကူညီပါတယ်။

မေမေဟာရန်ဖြစ်အရက်သောက်တာမောတဲ့အတွက်အိမ်ကနေထွက်သွားပြီးအိန္ဒိယကိုသွားပြီးတိုးတက်ရာတိုးတက်ဖို့အလုပ်သွားလုပ်ပါတယ်။ ဖေဖေ၊ဖွားဖွား၊စမီတာနဲ့သူ့မောင်လေးပဲကျန်ပါတော့တယ်။ မိခင်မရှိတော့တဲ့အတွက်စမီတာပဲအိမ်အလုပ်တွေလုပ်ရပါတယ်။ အလုပ်ကြမ်းတွေလုပ်ရတယ်။ သူ့အတွက်ဘဝကြမ်းလှပါတယ်။ ဖေဖေကလည်းအရက်သောက်တော့အိမ်မှာလည်းငြိမ်သက်ခြင်းမရှိပါဘူး။ အခြေအနေကြည့်ရတာအသက်တာဟာပိုမိုကောင်းသွားဖို့မရှိဖြစ်နေပါတယ်။ အဲဒီအခါမှာဖွားဖွားကဥပုသ်နေ့မှာသတ္တမနေ့ဥပုသ်အသင်းတော်ရဲ့ဘုရားကျောင်းကိုသွားပြီးဘုရားရှိခိုးပါတယ်။ ပြန်လာတဲ့အခါစိတ်ချမ်းသာတဲ့မျက်နှာကိုတွေ့ရပါတယ်။ ပြီးတော့သူကြားခဲ့တဲ့ခရစ်တော်ဘုရားအကြောင်းကိုလည်းပြောပြပါတယ်။ စမီတာဟာခရစ်တော်ဘုရားအကြောင်းကိုကြားရတာနစ်သက်ပါတယ်။ သူလည်းဘုရားကျောင်းသွားချင်တဲ့အကြောင်းသူ့အဖွားကိုပြောပြီးနောက်အပတ်မှာအတူတူ

သွားကြပါတယ်။ ဆရာမတွေအသင်းသားတွေကဖော်ရွေစွာနဲ့လက်ခံတဲ့အတွက်စမီတာအရမ်းပျော်ပါတယ်။ နောက်ဥပုသ်တွေမှာလည်းသွားဖို့သူစိတ်ဆုံးဖြတ်လိုက်ပါတယ်။ ခုချိန်မှာစမီတာဟာ ၁၂ နှစ်ရှိပါပြီ။ သူဟာဘုရားကျောင်းမှာသီချင်းပြီးကျမ်းစာများကိုအလွတ်ကျက်မှတ်ပါတယ်။ ဘုရားကျောင်းကိုအမြဲတက်ရောက်ပြီး သူ့ရဲ့အသက်တာဟာဘုရားသခင်အားဖြင့်ပိုပြီးကောင်းမွန်လာတဲ့အတွက်စမီတာအရမ်းဝမ်းသာပါတယ်။ ဥပုသ်နေ့တိုင်းအဖေကိုဘုရားကျောင်းသွားဖို့ဖိတ်ခေါ်ပါတယ်။ဖေဖေဘုရားကျောင်းသွားပြီးဘုရားကိုသိသွားရင်အိမ်မှာကောင်းကြီးမင်္ဂလာနဲ့ပြည့်ဝမယ်လို့စမီတာယုံကြည်ပါတယ်။ဖေဖေဟာဘုရားကိုသိပြီးအရက်ဖြတ်မယ်ဆိုရင်အိမ်ဟာကောင်းကြီးနဲ့ပြည့်ဝမယ်လို့စမီတာယုံကြည်ပါတယ်။

သုံးလပတ်ရဲ့အလှူငွေတစ်ချို့ဟာစမီတာတက်နေတဲ့ကျောင်းကိုပံ့ပိုးကူညီသွားမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

# သဘော်သီးဆရာဂန်ဆေးညွှန်း

ဂျိုင်းလင်း၊ အိန္ဒိယ ဖေဖော်ဝါရီ ၂၄

၇ နှစ်အရွယ်ဂျိုင်းလင်းဟာအိန္ဒိယမှာရှိတဲ့သူတို့ရဲ့အိမ်အခန်းလေးမှာသူ့ဖေဖေနဲ့အတူဘလော့တုံးလေးတွေကစားနေပါတယ်။ဘလော့တုံးလေးတွေနဲ့ရဲတိုက်အိမ်တွေဆောက်တမ်းကစားတယ်။ ပြီးတော့သူ့ဖေဖေကကစားနေတဲ့အချိန်မှာသူငယ်ငယ်ကသူ့ညီတွေညီမလေးတွေနဲ့ကစားတဲ့အကြောင်းကိုပြောပြတဲ့အခါဂျိုင်းလင်းကပျော်တယ်။သို့သော်ဂျိုင်းလင်းကသိပ်နေမကောင်းဘူး။ သူကိုယ်ပူတယ်လို့အနည်းငယ်ခံစားရတယ်။ နဲနဲညောင်းတယ်လို့သူခံစားရပေမယ့်အိပ်ယာထဲဝင်ပြီးမလဲနေချင်ဘူး။ ဘာကြောင့်လဲဆိုတော့ဖေဖေနဲ့ကစားရတာပျော်လို့ဖြစ်တယ်။ အဲဒီအချိန်မှာဘဲအဖေ့ရဲ့ဖုန်းသံမြည်လာပါတယ်။ ဖေဖေဟာခဏနားထောင်ပြီးစိုးရိမ်မှုဖြစ်လာပါတယ်။ ဂျိုင်းလင်းကိုကြည့်လိုက်တယ်။ ဒို့ဆေးရုံကိုသွားရမယ် လို့ဂျိုင်းလင်းကိုမေမေကပြောတယ်။ သူမအနေနဲ့အရေးကြီးတယ်လို့မထင်ဘူး။ ဆရာဂန်ကဆေးရုံကနေဂျိုင်းလင်းကိုအမြန်ဆုံးဆေးရုံတက်ရမယ်လို့အကြောင်းကြားလာတယ်။ သူမမှာတုတ်ကွေးအဖျားရှိနေတာဖြစ်တယ်။ စောစောစီးစီးကုသမယ်ဆိုရင်ဆိုးဂါးတာမဖြစ်ပါဘူး။ ဆရာဂန်အနေနဲ့ဂျိုင်းလင်းမှာတုတ်ကွေးရောဂါရှိတယ်ဆိုတာအရင်ကသတိမထားမိခဲ့လို့အခုမြန်မြန်ကုသဖို့လိုနေပါတယ်။ ဖေဖေဟာမေမေကိုပစ္စည်းတွေပြင်ဆင်ဖို့အကူအညီတောင်းလိုက်တယ်။ သဘော်သီး၊ကီဂီသီးနဲ့မုန်လာဥတွေကိုလည်းထုတ်ပြီးယူသွားဖို့ပြင်လိုက်တယ်။ ဂျိုင်းလင်းဟာသဘော်သီးကိုမကြိုက်ပါဘူး။မုန်လာဥနီကိုလည်းမကြိုက်ပါဘူး။ ကီဂီသီးပဲသူကြိုက်တယ်။ ဒါပေမယ့်ဆရာဂန်ကဒီအသီးတွေဟာဂျိုင်းလင်းအတွက်ဆေးဖြစ်တယ်ဆိုလို့သူ့မေမေကအထုတ်ထဲထည့်ပေးလိုက်တာဖြစ်တယ်။

ဒါနဲ့မေမေ၊ဖေဖေနဲ့ဂျိုင်လင်းတို့ဟာကားစီးပြီးဆေးရုံကိုသွားကြပါတယ်။ သူ့ဆေးအနံ့ကိုမကြိုက်ဘူး။ မသက်မသာခံစားရပါတယ်။ ဆေးရုံရောက်တဲ့အခါသူ့ဘေးကလူတွေကိုသူမသိဘူး။ ပြီးတော့ရောက်တာနဲ့သွေးကြောထဲဆေးထည့်ခံရပြီးသူနာပြုကသူ့ကိုအခန်းထဲခေါ်သွားတယ်။ ဂျိုင်းလင်းဟာပတ်ဂန်းကျင်ကိုကြည့်ပြီးဘာကြောင့်ငါဒီကိုရောက်လာသလဲဆိုတာစဉ်းစားပါတယ်။ ဖျားနေတဲ့တခြားကလေးတွေကိုလည်းသူတွေ့ရတယ်။ သူ့မေမေကတော့အားပေးပါတယ်။ နောက်ထပ်ခြောက်ပတ်လောက်ဂျိုင်းလင်းဟာဆေးရုံမှာနေပါတယ်။ သူ့မေမေကသူ့ကိုသဘော်သီးနဲ့မုန်လာဥနီတွေအများကြီးကျွေးပါတယ်။ သူမစားချင်

ပေမယ့်နာခေါင်းရှုံ့ပြီးစားရပါတယ်။မေမေနဲ့ဒေါ်ဒေါ်ဟာတစ်ယောက်တစ်လှည့်ဂျိုင်းလင်းကို စောင့်ပေးပါတယ်။ အသင်းသူအသင်းသားတွေလည်းလာပြီးဆုတောင်းပေးပါတယ်။နောက်ဆုံးတော့ဂျိုင်းလင်းအိမ်ပြန်ရပါပြီ။ အကြာကြီးအိပ်ယာမှာလဲနေရလို့အိမ်ပြန်ရောက်တဲ့အချိန်မှာသူ့အရွယ်ဂမ်းကွဲတွေကသူ့အတွက်လက်ဆောင်လေးတွေယူလာပြီးကြိုဆိုကြပါတယ်။ လက်ဆောင်တွေကတော့သစ်သီးဂလံတွေဖြစ်ပါတယ်။ ခုချိန်မှာဂျိုင်းလင်းဟာ ၁၄နှစ်ရှိပါပြီ။ ဖျားတဲ့အချိန်ရောဂါကိုသက်သာစေခဲ့ပေမယ့်ခုချိန်ထိဂျိုင်းလင်းကသဘော်သီးကိုမကြိုက်ပါဘူး။ငါရောဂါပျောက်တာဘုရားကုသပေးလို့ လို့သူပြောပါတယ်။ ဘုရားသခင်ကကြီးမြတ်တဲ့ သမားတော်ဖြစ်ပါတယ် လို့သူသက်သေခံခဲ့ပါတယ်။

ဤ ၁၃ ပတ်အလှူငွေဟာဂျိုင်းလင်းတက်နေတဲ့ကျောင်းရဲ့အနီးမှာရှိတဲ့ဘုရားကျောင်းကိုပိုပြီးမွန်းမံဖို့လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

# တိုက်ခံရတဲ့စက်ဘီး

ယုဒ၊ အိန္ဒိယ မတ်လ ၂

ပုံမှန်အားဖြင့်ယုဒဟာဘုရားကျောင်းကိုခြေချင်လျှောက်သွားတတ်ပါတယ်။ ဘုရားကျောင်းဟာသူ့အိမ်ရဲ့အထက်လေးနားမှာပဲရှိပါတယ်။ လမ်းလျှောက်ရင်ငါးမိနစ်လောက်ပဲကြာပါတယ်။ မိဘများနဲ့အတူဘုရားကျောင်းကိုသွားတတ်ပါတယ်။ သို့သော်တစ်နေ့သူမိဘတွေကိုဘုရားကျောင်းသွားဖို့စောင့်နေတဲ့အချိန်သူ့မှာအကြံတစ်ခုထွက်လာပါတယ်။ ဘုရားကျောင်းကိုစက်ဘီးစီးသွားမယ်။သူ့အဖေနဲ့အမေဟာစက်ဘီးကိုဘုရားကျောင်းမယူသွားဖို့ပြောထားပါတယ်။ သူ့မိဘတွေက ဘုရားကျောင်းဟာအလွန်နီးတဲ့အတွက်စက်ဘီးကိုယူမသွားဖို့ပြောထားပါတယ်။ မိဘတွေကမတော်တဆယာဉ်တိုက်မိမှာလည်းစိုးရိမ်တဲ့အတွက်ဖြစ်တယ်။ သို့သော် ယုဒကစက်ဘီးအရမ်းစီးချင်တယ်။ စက်ဘီးကအရမ်းလှတယ်။ အဝါရောင်ကိုအမဲမျဉ်လေးတွေနဲ့သုတ်ထားတယ်။ သူစဉ်းစားတယ် အခုငါသွားရင်သူတို့သိမှာမဟုတ်ဘူး မြင်မှာမဟုတ်ဘူး။ ဒါပေမယ့်ဘုရားကျောင်းမှာသူ့မိဘတွေကစက်ဘီးကိုတွေ့ရင်ဘာဖြစ်မလဲဆိုတာသူမစဉ်းစားခဲ့ပါဘူး။ စက်ဘီးပဲစီးသွားချင်နေတယ်။ ယုဒဟာအပြင်ထွက်ပြီးစက်ဘီးကိုအသံမမြည်အောင်ဂိတ်တံခါးထိတွန်းသွားတယ်။ ဂိတ်တံခါးကိုကျော်ပြီးလမ်းမရောက်တာနဲ့စက်ဘီးပေါ်တက်ပြီးစီးလိုက်တယ်။ သူအရမ်းပျော်တယ်။ ဘုရားကျောင်းကိုမြန်မြန်ရောက်တော့မယ်လို့ခံစားရတယ်။ စက်ဘီးခြေနင်းကိုဖိပြီးအားရပါးရနင်းလိုက်တယ်။မြန်သထက်မြန်အောင်နင်းလိုက်တယ်။ သူ့မိဘတွေကဘုရားကျောင်းကိုစက်ဘီးနဲ့မသွားဖို့ဘာလို့တားမြစ်သလဲဆိုတာသူနားမလည်ခဲ့ဘူး။ သူ့အိမ်ကနေဘုရားကျောင်းကိုလမ်းတည့်တည့်ဘဲသွားရတယ်။ ဘယ်ညာကွေ့စရာလည်းမရှိဘူး။ ဒါကြောင့်အန္တရာယ်ရှိပုံမတွေ့ရဘူး။ သူအားရပါးရတောင်အောက်လမ်းနင်းလာရင်းတောင်ထိပ်ကိုရောက်လာတော့ခနလေးအနားယူလိုက်တယ်။ အဲဒီအချိန်မှာပဲမော်တော်ဆိုင်ကယ်တစ်စီးရဲ့ကျယ်လောင်တဲ့အသံကိုကြားရပါတယ်။ အဲဒီဆိုင်ကယ်ကရပ်ဖို့မကြိုးစားဘူး။ မောင်းလာတာလည်းအင်မတန်မြန်ပါတယ်။ ယုဒကသူ့စက်ဘီးကိုရပ်လိုက်တဲ့အချိန်မှာပဲဆိုင်ကယ်ဟာသူ့စက်ဘီးကိုဂင်တိုက်မိပါတယ်။ သူ့စက်ဘီးလေးကျိုးပဲ့သွားပါတယ်။ ဆိုင်ကယ်မောင်းသူကိုသူကြည့်လိုက်တယ်။ ဆိုင်ကယ်ဦးထုတ်ဆောင်းမလာတဲ့အတွက်ခေါင်းမှာဒဏ်ရာရပြီးသွေးတွေထွက်လာတာသူတွေ့တယ်။ ဒါနဲ့ယုဒကသွေးမြင်ပြီးကြောက်သွားပါတယ်။ အကယ်လို့သူသေရင်ငါအချုပ်ခန်းထဲသွားရမှာလို့သူစဉ်းစားမိလိုက်ပါတယ်။ ဒီအချိန်မှာပဲအနီးနားကလူတွေအပြေးအလွှားလာကြပါတယ်။

ဆိုင်ကယ်သမားကိုရေပေးကြတယ်။ သွေးထွက်နေတဲ့ခေါင်းကိုဆေးပေးကြပြီးအခြေအနေမေးကြပါတယ်။ ယုဒကတော့ အိုကေပဲ လို့ပြန်ဖြေပါတယ်။ လူတွေလည်းဘယ်သူမှားတယ်မှန်တယ်ဆိုတာကိုအငြင်းပွားကြပါတယ်။ အဲဒီအချိန်မှာတစ်ယောက်ကယုဒအိမ်ကိုပြေးပြီးသူ့မိဘတွေကိုအကြောင်းကြားလိုက်ပါတယ်။ မိဘတွေကအပြေးရောက်လာကြပြီး ယုဒကိုလာကြည့်ကြတယ်။ စက်ဘီးမစီးဖို့သားကိုပြောထားတာဘာလို့စကားနားမထောင်တာလဲလို့ပြောပါတယ်။ သူ့အဖေက မင်းတစ်ခုခုဖြစ်သွားရင်ငါတို့ဘာလုပ်ရမလဲ ဆိုပြီးသူ့ကိုဆူပါတယ်။ ယုဒဘာစကားမှပြန်မပြောနိုင်ပါဘူး။ သားကိုခွင့်လွှတ်ပါဆိုပြီးသူ့မိဘကိုတွေတောင်းပန်စကားပြောပါတယ်။ ဆိုင်ကယ်သမားလည်းနေကောင်းလာပါတယ်။ အဲဒီမတော်တဆမှုဖြစ်ပြီးမိဘတွေကယုဒကို ၁၆ နှစ်ထိစက်ဘီးမစီးဖို့တားမြစ်ထားပါတယ်။ သူအခု ၁၃ နှစ်ရှိပါပြီ။စက်ဘီးစီးရဖို့အကြာကြီးစောင့်ရပါအုံးမယ်။ယုဒဟာဘုရားသခင်စောင်မတဲ့အတွက်ကျေးဇူးတင်ပါတယ်။ ဘုရားကျောင်းကိုလျှောက်သွားတိုင်းအဲဒီအဖြစ်အပျက်လေးကိုသူသတိရပါတယ်။ သူမိဘစကားကိုအမြဲနားထောင်ဖို့ဆန္ဒပြုပါတယ်။

ဒီအပတ် ၁၃ ပတ်အလှူငွေတချို့ဟာယုဒရဲ့ကျောင်းအနီးမှာဘုရားကျောင်းတစ်ဆောင်ဆောက်လုပ်မှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## တစ်နေ့လုံးဆုတောင်းနေသည်

ဂျနီဖာ၊ အိန္ဒိယ                                                                                    မတ်လ ၉

အသက် ၁၂နှစ်ရှိတဲ့ ဂျနီဖာဟာအိန္ဒိယမြောက်ပိုင်းမှာနေပါတယ်။ ဆုတောင်းတာကိုအခြားအရာတွေထက်နှစ်သက်တယ်။ အိမ်မှာသူမကအိပ်ယာထတာနဲ့ဆုတောင်းတယ်။ ဒီညကောင်းမွန်စွာအိပ်ရတဲ့အတွက်ကျေးဇူးတင်ပါတယ်။ မနက်မိုးလင်းတာနဲ့လည်း ကုတင်ပေါ်ထိုင်ပြီး အသစ်သောနေ့သစ်အတွက်ကျေးဇူးတင်တယ်လို့ပြောပါတယ်။ဟင်ဒီစကားဖြစ်တဲ့သူ့ရဲ့ဘာသာစကားနဲ့ပြောပါတယ်။ ကျေးဇူးပြုပြီးကျမကိုတစ်နေ့လုံးကောင်းကြီးပေးပါ။ ကျမရဲ့ ဦးလေး၊အဒေါ်၊ဂမ်းကွဲ၊အိမ်နီးချင်းတို့ကိုလည်းကောင်းကြီးပေးပါ။ အထူးသဖြင့်ကျမရဲ့ဖေဖေ နဲ့မေမေကိုကောင်းကြီးပေးပါ။ အာမင် လို့ဆုတောင်းပါတယ်။

နံနက်စာအတွက်အဆင်သင့်ထိုင်တဲ့အခါမှာ ဂျနီဖာဆုတောင်းပြန်တယ်။ ယေရှုဘုရား အစာကိုကောင်းကြီးပေးပါ အာမင် လို့ပြောပြီးနံနက်စာကိုပဲနဲ့ချာပါတီစားပါတယ်။ သူမဟာတစ်ဦးတည်းသောကလေးဖြစ်တဲ့အတွက်နံနက်စာကိုမေမေနဲ့စားပါတယ်။ အဖေကတော့နောက်မှစားပါတယ်။ ကျောင်းသွားခါနီးမှာလည်း ဂျနီဖာဆုတောင်းပါတယ်။ ချစ်လှစွာသောယေရှု ဤနေ့ကိုကောင်းကြီးပေးပါ။ ဒီနေ့သင်ကြားတဲ့စာတွေနားလည်ပြီး စာမေးပွဲဖြေတဲ့အခါမှာလည်းသတိရအောင်ကူညီတော်မူပါ အာမင် လို့ဟန္ဒီ လိုဆုတောင်းလိုက်ပါတယ်။ ပြီးတော့သူ့ရဲ့လွယ်အိတ်ကိုလွယ်လိုက်ပါတယ်။ သူ့အိတ်ထဲမှာသင်ခန်းစာစာအုပ်တွေ ခဲတံ ဖောင်တိန်တွေနဲ့ပြည့်နေပါတယ်။ ထမင်းဘူးလည်းပါတယ်။ ကျောင်းမှာကျောင်းသား ၄၅၀ လောက်ခန်းမကြီးထဲမှာဘုရားဂတ်ပြုဖို့စုရုံးကြပါတယ်။ ဂျနီဖာဟာစင်မြင့်ပေါ်ကနေမကြာမကြာဆုတောင်းချက်တွေကိုဦးဆောင်ပေးပါတယ်။ သူ့အရှေ့မှာဆိုပြီးရင်ကျောင်းသားတွေကနောက်မှာလိုက်ရွတ်ဆိုပါတယ်။ နေ့လည် ၁ နာရီမှာဂျနီဖာဟာသူ့ထမင်းဘူးကိုဖွင့်ပြီးအဖဘုရားအစာကိုကောင်းကြီးပေးပါ လို့သူဆုတောင်းပါတယ်။ ပြီးတော့အင်္ဂလိပ်လိုသူဆက်ပြီးဆုတောင်းပါတယ်။ တစ်နေ့လုံးအင်္ဂလိပ်လိုပဲစာတွေကိုသင်ရတဲ့အတွက်အင်္ဂလိပ်စကားကိုကောင်းကောင်းပြောတတ်ပါတယ်။ပြီးတော့ထမင်းဘူးမှာပါတဲ့ဂေါ်ဖီ၊အာလူး၊ချာပါတီ၊မုန့်ပြားတွေကိုစားပါတယ်။ ညနေပိုင်းမှာသင်္ချာစာမေးပွဲရှိပါတယ်။ အဲဒီမှာလည်းလေ့လာတဲ့အရာတွေသတိရဖို့ဆုတောင်းပါတယ်။အိမ်မှာညနေစာအတွက်သူ့အဖေဆုတောင်းပါတယ်။ သူ့အဖေဆုတောင်းတာကိုဂျနီဖာကြိုက်နှစ်သက်ပါတယ်။ အဖဘုရားအစာကိုပြင်ဆင်သောလက်

အတွက်ကောင်းကြီးပေးပါ။အစာကိုကောင်းကြီးပေးပါ။စားတဲ့အခါခွန်အားဖြစ်စေပါ။ အာမင်။ လို့ဆုတောင်းလိုက်တယ်။ အိပ်ရာဝင်ချိန်မှာလည်း ဂျနီဖာဟာသူ့မိဘတွေနဲ့အတူဆုတောင်း ပါတယ်။ အိမ်နီးချင်းတွေနဲ့ဆွေမျိုးတွေအတွက်လည်းသူဆုတောင်းပေးတယ်။ ပြီးတော့အိပ် ပျော်သွားပါတယ်။ သခင်ယေရှုနဲ့စကားပြောရတာကောင်းကြီးဖြစ်ပါတယ်လို့ ဂျနီဖာကပြော ပါတယ်။

ဤ ၁၃ ပတ်အလှူငွေတစ်ချို့ဟာဂျနီဖာနေတဲ့ကျောင်းကိုအသစ်ပြန်တည်ဆောက် ဖို့ပံ့ပိုးမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

# ပြောင်ဘက်ကင်းသောနာမည်

ကယ်ဘင်း၊ အိန္ဒိယ မတ်လ ၁၆

ကယ်ဘင်းရဲ့ပထမဦးဆုံးကျောင်းတက်တဲ့နေ့မှာပဲသူနဲ့ပတ်သက်ပြီးထူးခြားတဲ့အရာကိုဆရာမတွေ့ရတယ်။ တခြားကျောင်းသားတွေစကားပြောပြီးအော်ဟစ်တဲ့အချိန်မှာကယ်ဘင်ဟာရှိသေစွာငြိမ်သက်စွာထိုင်နေပါတယ်။ သို့သော်အဲဒီအရာထက် သူ့ရဲ့ နာမည်ကြောင့်ဆရာမကသူ့ကို အထူးစိတ်ဝင်စားနေပါတယ်။ ဘာလို့လဲဆိုတော့ ကယ်ဘင်ဆိုတဲ့နာ မည်ဟာအိန္ဒိယမှာသိပ်ပြီးအသုံးပြုတဲ့နာမည်တစ်ခုမဟုတ်ဘူး။ အဲဒါကခရစ်ယာန် နာမည် ဖြစ်ပါတယ်။

အတန်းရဲ့ပထမဦးဆုံးရက်မှာဆရာမကကျောင်းသားတွေကိုသူတို့ရဲ့နာမည်ကို မိတ်ဆက်ခိုင်းပါတယ်။ ကယ်ဘင်အလှည့်ရောက်တဲ့အခါ သူကပြုံးပြီး ကျနော့နာမည်က ကယ်ဘင်ဖြစ်ပါတယ်လို့မိတ်ဆက်လိုက်ပါတယ်။ ဆရာမကဘာကြောင့်နင့်နာမည်က ကယ်ဘင်ဖြစ်ရတာလဲလို့မေးတော့ ကျနော်ကခရစ်ယာန်ဖြစ်လို့ပါ လို့ကယ်ဘင်ကပြန်ဖြေပါတယ်။ ဆရာကပိုပြီးအံ့ဩပါတယ်။အဲဒီကျောင်းမှာအခြားခရစ်ယာန်ကျောင်းသားများကျောင်းတက်ပေမယ့်သူတို့နာမည်ကဟန္ဒီလိုပဲဖြစ်ပါတယ်။ ဆရာမဟာ ကယ်ဘင်ရဲ့နာမည်ကိုကြိုက်နစ်သက်တယ်။ ကယ်ဘင်ကိုတွေ့တဲ့အခါတိုင်းနာမည်ကိုခေါ်ပါတယ်။ အဲဒီနာမည်ကအိန္ဒိယမှာခေါ်လေ့ခေါ်ထမရှိဘူး။ အသံထွက်ကိုဆရာမကကြိုက်တယ်။ ဒါကြောင့်ဆရာမက ဟယ်လိုကယ်ဘင် လို့အမြဲနစ်သက်စွာခေါ်တယ်။ ဆရာနှုတ်ဆက်တဲ့အခါတိုင်း ကယ်ဘင်ကပြုံးပြတယ်။ သူ့လည်းပျော်တယ်။ မကြာခင်မှာပဲအခြားဆရာတွေလည်းကယ်ဘင်ရဲ့နာမည်ကိုခရစ်ယာန်နာမည်လို့သိလာကြတယ်။ ကယ်ဘင်ကို တွေ့တဲ့အခါတိုင်းနှုတ်ဆက်ကြတယ်။ သူတို့နှုတ်ဆက်တိုင်းကယ်ဘင်ပြုံးတယ်ပျော်လည်းပျော်တယ်။ကယ်ဘင်ဒီနာမည်ကိုဘယ်လိုရသလဲ။ သူမွေးလာတဲ့အခါသူ့မိဘတွေက အသင်းအုပ်ဆရာကိုနမည်မှည့်ပေးဖို့ပြောပါတယ်။

အိန္ဒိယမှာကလေးမွေးလာတဲ့အခါအသင်းအုပ်ဆရာကိုနာမည်မှည့်ခိုင်းလေ့ရှိပါတယ်။ ကယ်ဘင်လို့ခေါ်ရအောင်လို့ဓမ္မဆရာကပြောပါတယ်။ ဂျွန်ကယ်ဘင် ဆိုတဲ့နာမည်ကြီးကျမ်းစာရဲ့နာမည်ကိုယူထားပါတယ်။အသင်းအုပ်ဆရာက ကယ်ဘင်ကိုအမြဲပြုံးတာဖြစ်လို့အိမ်နာမည်ကိုဂျွှင်းလို့လည်းမှည့်ပေးပါတယ်။ ကုလားပြည် မှာလူအားလုံးနာမည်နှစ်လုံးရှိကြတယ်။ ဒါကြောင့်အဲဒီနေ့ကနေကယ်ဘင်ရဲ့ငယ်နာမည်ကဂျွှင်းလို့ခေါ်ပါတယ်။

ကယ်ဘင်ကြီးလာတဲ့အခါသူ့သတ္တမမြော်လင့်ခြင်းအသင်းတော်ကျောင်းကိုသွားပါတယ်။သူငယ်တန်းကနေရှစ်တန်းထိပညာသင်ကြားပါတယ်။အသင်းတော်ကျောင်းမှာငြိမ်သက်စွာနဲ့ရိုသေစွာနားထောင်ဖို့သင်ယူခဲ့ပါတယ်။ရှစ်တန်းအောင်ပြီးတဲ့နောက်အသင်းတော်မှာကိုးတန်းမရှိတော့တဲ့အတွက်အစိုးရကျောင်းကိုသွားခဲ့ရပါတယ်။ အဲဒီပထမနေ့ရက်မှာသူ့ကိုယ်သူမိတ်ဆက်ပေးရပါတယ်။ ဒါကြောင့်အခုတက်နေတဲ့ကျောင်းမှာကယ်ဘင်ဆိုတဲ့နာမည်တစ်လုံးပဲရှိပြီးငယ်နာမည်ကတော့ ဝှိုင်း ဖြစ်ပါတယ်။ ကယ်ဘင်းဟာကျောင်းမှာသက်သေခံပါတယ်။ ကယ်ဘင်ဆိုတဲ့ခရစ်ယာန်ကျောင်းသားလေးဟာလိမ္မာတယ်။ ရိုသေတတ်တယ်။ငြိမ်သက်စွာစာကိုလေ့လာတယ်။ရိုးသားတယ်ဆိုတဲ့အဓိပ္ပါယ်ကိုဆောင်ပါတယ်။ ဆရာ၊ဆရာမတွေ ကယ်ဘင်ကိုခေါ်လိုက်ရင် ရိုသေတတ်တဲ့ကျောင်းသား၊ငြိမ်သက်စွာနဲ့အတန်းမှာစာကိုလေ့လာတဲ့ကျောင်းသားအနေနဲ့သတိထားမိကြတယ်။ ဝှိုင်း လို့ခေါ်တဲ့အခါပျော်ရွှင်တဲ့ကောင်လေးအနေနဲ့သိကြပါတယ်။ ကျနော်ခရစ်ယာန်တစ်ယောက်ဖြစ်ရတာပျော်ပါတယ်လို့ ကယ်ဘင် ကပြောပြပါတယ်။

ဤ ၃ လပတ်အလှူငွေတစ်ချို့ဟာ ကယ်ဘင်နေခဲ့တဲ့ သတ္တမနေ့ကျောင်းကိုထပ်ပြီးတိုးချဲ့ဆောက်လုပ်သွားမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

# အမှန်တကယ်ခက်တဲ့စာမေးပွဲ

ကာရှစ်၊ အိန္ဒိယ မတ်လ ၂၃

ကာရှစ်ဟာ ၁၃ နှစ်ပဲရှိပါသေးတယ်။ သို့သော်သူဟာကမ္ဘာပေါ်မှာအခက်ဆုံးသော ဘာသာကိုလေ့လာနေရပါတယ်။ ကာရှစ်ဟာမြောက်အိန္ဒိယမှာရှိတဲ့သတ္တမနေ့မြော်လင့်ခြင်း ကျောင်းမှာစမ်းခရစ်ဘာသာရပ်ကိုသင်ကြားလေ့လာနေပါတယ်။ စမ်းခရစ်ဟာအိန္ဒိယရဲ့ရှေး စာပေဖြစ်ပါတယ်။ ဘယ်လောက်ရှေးကျပြီလဲတော့မသိကြပါဘူး။ သို့သော်နှစ်ပေါင်း ၁၅၀၀ ခရစ်တော်မမွေးဖွားခင်ကတည်းကသုံးနေကြပါတယ်။ယနေ့အိန္ဒိယမှာရှိတဲ့ကလေးတိုင်းစမ်း ခရစ်စာပေကိုသင်နေရကြပါတယ်။ဘာကြောင့်လဲဆိုတော့ဟန္ဒီနဲ့ အခြားဘာသာစကားတွေ ဟာစမ်းခရစ်ကနေအခြေခံပြီးပေါ်ထွက်လာတဲ့အတွက်ဖြစ်ပါတယ်။ သို့သော်စမ်းခရစ်ဟာ လေ့လာသင်ကြားဖို့ခက်တဲ့ဘာသာစကားဖြစ်ပါတယ်။ စာလုံးတွေဟာအသံထွက်ဖို့ခက်ပါ တယ်။ စာလုံးကိုအသံထွက်ဖို့ရန်အပေါ်ကအစက်၊ အောက်ကအစက်၊ ဘေးကအစက်ကို ကောင်းစွာကြည့်ပြီးအသံထွက်ရတဲ့အတွက်အလွန်သတိထားရပါတယ်။စမ်းခရစ်ကိုလူအ များမသုံးကြပါဘူး။

ဟန္ဒီယဇ်ပုရောဟိတ်တွေပဲစာပေတွေကိုရွတ်တဲ့အခါအသုံးပြုပါတယ်။ ကာရှစ် ဟာမြော်လင့်ခြင်းမိသားစုကနေမွေးဖွားလာပါတယ်။ ကျောင်းကလွဲပြီးစမ်းခရစ်ကိုဘယ် နေရာမှပြောတာမကြားဖူးပါဘူး။ ခက်ပါတယ်။ အဲဒီစာမေးပွဲနီးလာတဲ့အချိန်မှာပဲကာရှစ်ဟာ ဖျားတယ်။ကျောင်းကနေပြန်လာတဲ့အခါစာမေးပွဲအတွက်စမ်းခရစ်ကိုလေ့လာဖို့လိုပါတယ်။ သူခေါင်းမူးပြီး အပူတက်ပြီးအိပ်ယာပေါ်လှဲနေပါတယ်။ မသက်သာပါဘူး။ စမ်းခရစ်စာမေးပွဲ အကြောင်းကိုပဲသူတွေးနေပါတယ်။နောက်ဆုံးမှာတော့သူဘုရားသခင်ဆီဆုတောင်းလိုက်ပါ တယ်။ ဆုတောင်းပြီးတာနဲ့ချက်ချင်းနေလို့ကောင်းလာပါတယ်။ကာရှစ်ဟာစမ်းခရစ်ဖတ်စာ ကိုကြည့်ပြီးလေ့လာပါတော့တယ်။အတန်းထဲကမှတ်စုစာအုပ်တွေကြည့်ပြီးလေ့လာပါတယ်။ နေသိပ်မကောင်းတဲ့အတွက်နဲနဲပဲလေ့လာနိုင်ပါတယ်။နောက်နေ့စာမေးပွဲအခန်းထဲဝင်တဲ့အ ခါဆရာကမေးခွန်းစာရွက်နဲ့အဖြေလွှာစာရွက်ကိုလာရောက်ပေးပါတယ်။ကာရှစ်ကသူ့ရဲ့စာ ရွက်ကိုကြည့်လိုက်တဲ့အခါမနေ့ကသူလေ့လာထားတဲ့အရာအားလုံးပါတာတွေ့ရတယ်။သူစာ လုံးက အစက်တွေကိုကောင်းကောင်းကြည့်ပြီးဖြေပါတယ်။ အမှတ်ကောင်းစွာရရှိပါတယ်။ သူ့ရဲ့ဆုတောင်းသံကိုဘုရားသခင်နားညောင်းတယ်ဆိုတာသူသိရပါတယ်။ နောက်နှစ်ရက်

မှာအဖြေလွှာကိုပြန်ရပါတယ်။သူဟာပေးတဲ့အမှတ်၁၅ထဲမှာ၁၃.၅မှတ်ရပါတယ်။ အကောင်းဆုံးသောအမှတ်ကိုရရှိခြင်းဖြစ်ပါတယ်။ ကာရှစ်ပျော်ရွှင်စွာပြုံးမိပါတယ်။ အခြားသူငယ်ချင်းတွေကိုလည်းဘုရားကိုအားကိုးကြည့်ဖို့သူအားပေးပါတယ်။သူပြောတာကတော့ဆုတောင်းခြင်းဟာတန်ခိုးရှိတယ်။ စမ်းခရစ်စာမေးပွဲဖြေရတဲ့အခါခက်ပါတယ်။ အဆင်သင့် လည်းမဖြစ်ဘူး။ သို့သော် ကျွန်ုပ်ဆုတောင်းတဲ့အခါဘုရားသခင်မစပါတယ်။ စာမေးပွဲမှာဘုရားကကူညီပြီးကောင်းတဲ့အဆင့်ကိုပေးတယ် လို့သက်သေခံခဲ့ပါတယ်။

ဤ ၁၃ ပတ်အလှူငွေတစ်ချို့ကိုကာရှစ်နဲ့အခြားကျောင်းသားတွေနေတဲ့အိန္ဒိယမှာ အန်နီကျောင်းကိုတိုးချဲ့ဆောက်လုပ်သွားမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

# ပြုံးသောကျောင်း

အမီရာ၊ အိန္ဒိယ မတ်လ ၃၀

အမီရာ ၆နှစ်ရောက်တဲ့အခါသူ့အဖေဟာသူ့ကိုထားဖို့ကောင်းတဲ့ကျောင်းကို လိုက်ရှာပါတယ်။ အမီရာကိုရိုးရိုးသာမန်ကျောင်းမှာမထားချင်ပါဘူး။ သူ့သမီးကိုကောင်း တဲ့ကျောင်းတစ်ကျောင်းမှာထားချင်ပါတယ်။ ပထမတန်းတက်ဖို့ကောင်းတဲ့ကျောင်းဘယ်မှာ တွေ့နိုင်မလဲလို့သူစဉ်းစားနေပါတယ်။ ထမင်းစားချိန်မှာအဲဒီမေးခွန်းဟာအမီရာရဲ့ဖခင်ကို နှောင့်ယှက်နေသလို၊အလုပ်သွားတဲ့အချိန်၊အလုပ်ပြီးလို့ဆံပင်ညှပ်တဲ့အချိန်မှာလဲအဲဒီမေး ခွန်းဟာအမီ ရာရဲ့ဖခင်ကိုနှောင့်ယှက်နေပါတယ်။ ဒါနဲ့သူဟာဆံပင်ညှပ်တဲ့သူကို ငါ့သမီး ကျောင်းထားဖို့ ကောင်းတဲ့ကျောင်းတစ်ကျောင်းကိုမင်းညွှန်ပြနိုင်မလား လို့မေးမိတယ်။ ဆံပင်ညှပ်ဆရာကသူ့ကိုထားဖို့အကောင်းဆုံးကျောင်းကတော့သတ္တမနေ့မြော်လင့်ခြင်းအ သင်းတော်ရဲ့ကျောင်းပဲရှိတယ်အဲဒီကိုပို့ပါလို့သူ့ကိုပြောပါတယ်။အမီရာရဲ့အဖေဟာတစ်ခါမှ သတ္တမနေ့မြော်လင့်ခြင်းဆိုတာမကြားဖူးခဲ့ဘူး။သူဟာခရစ်ယာန်မဟုတ်ပါဘူး။အခြားဘာ သာကိုကိုးကွယ်တဲ့ အတွက်ဖြစ်တယ်။

သို့သော်ဆံပင်ညှပ်ဆရာရဲ့စကားကိုသူသဘောကျတယ်။ သူ့သမီး အမီရာကို မြော်လင့်ခြင်းအသင်းတော်ကျောင်းကိုသွားထားပါတယ်။ အမီရာဟာအဲဒီကျောင်းကိုအရမ်း နှစ်သက်တယ်။ ကျောင်းကပြန်လာရင်ယေရှုအကြောင်းကိုပြောတယ်။ သူသင်ခဲ့ရတဲ့ခရစ် ယာန်သီချင်းတွေကိုလည်းအိမ်ရောက်ရင်ဆိုတယ်။ ကျမ်းစာထဲကသင်ခဲ့တဲ့ပုံပြင်လေးတွေ ကိုလည်းသူ့ဖေဖေကိုပြောပြတယ်။ ဘယ်လိုဆုတောင်းရမလဲသင်ခဲ့တာကိုလည်းအမီရာက သူ့အဖေကိုပြောပြတယ်။ အမီရာကျောင်းမှာသင်ခဲ့ရတာတွေကိုကြားရတာသူ့ဖေဖေကပျော် တယ်။ သို့သော်ဖေဖေကိုပိုပြီးအံ့ဩစေတာကတော့အမီရာရဲ့ပြုံးတဲ့မျက်နှာပဲ။ အရင်အဲဒီ ကျောင်းမသွားခင်ကအမီရာပြုံးတာသိပ်မတွေ့ခဲ့ရဘူး။ အရင်ကအမြဲစိတ်ပျက်နေတာတွေ့ရ တယ်။ သို့သော်အခုချိန်မှာတော့သူမျက်နှာဟာနေမင်းကြီးလိုပဲတောက်ပနေတယ်။

အမီရာဖေဖေဟာသူ့သမီးပျော်တာကိုအရမ်းနှစ်သက်တယ်။ သူ့သမီးလေးလိုပဲသူ လည်းပျော်နိုင်ဖို့တောင့်တတယ်။ သို့သော်နေမကောင်းလို့မပျော်နိုင်ဘူးဖြစ်နေတယ်။ သူ့ ဗိုက်မကြာမကြာနာတဲ့အတွက်သူ့ကိုစိတ်ပျက်စေတယ်။ အမီရာဟာသူ့ဖေဖေသူ့လိုမပျော် နိုင်တာကိုသူသတိထားမိတယ်။ သူ့ဖေဖေကိုသူပျော်စေချင်တယ်။ သူဟာ ၆နှစ်ပဲရှိပေမယ့်

သူ့မှာအကြံရှိတယ်။ ကျောင်းကိုလာပါ။ ဖေဖေ့အတွက်ဆုတောင်းပေးမယ့်သူရှိတယ်လို့သူမရဲ့ဖေဖေကိုပြောပါတယ်။ ဒါကြောင့်တစ်နေ့မှာဖေဖေဟာအမီရာကျောင်းကိုလိုက်သွားပြီး ကျောင်းထဲဝင်သွားပါတယ်။ လူတစ်ယောက်ယောက်သူ့အတွက်ဆုတောင်းပေးမလားဆိုပြီး အမီရာရဲ့ကျောင်းခန်းနဲ့နီးတဲ့နေရာမှာဖေဖေဟာကျောင်းငွေထိန်းစာရင်းကိုင်တစ်ယောက်ကိုတွေ့ရပါတယ်။ သူဟာကျောင်းငွေတွေကိုကူညီရေတွက်ပေးနေပါတယ်။ ကျနော့အတွက်ဆုတောင်းပေးနိုင်မလား လို့အမီရာဖေဖေကစာရင်းကိုင်ကိုမေးလိုက်တဲ့အခါ စာရင်းကိုင်ကဝမ်းမြောက်စွာနဲ့အမီရာအဖေအတွက်ဆုတောင်းပေးလိုက်ပါတယ်။ ဆုတောင်းပေးပြီးတဲ့နောက်မှာ ငွေကိုင်ကအသင်းအုပ်ဆရာကိုအမီရာဖေဖေနဲ့မိတ်ဆက်ပေးပါတယ်။ အသင်းအုပ်ဆရာကဆက်ပြီးအမီရာဖေဖေအတွက်ဆုတောင်းပေးပါတယ်။ ဖေဖေဟာသဘောတူလက်ခံတဲ့အတွက်သူတို့နှစ်ယောက်လုံးဆုတောင်းလိုက်ပါတယ်။ ကျမ်းစာလေ့လာမလားလို့မေးတဲ့အခါ ဖေဖေဟာသဘောတူတဲ့အတွက်အတူကျမ်းစာကိုလေ့လာကြပါတယ်။ ဖေဖေဟာကျမ်းစာထဲကအကြောင်းတွေလေ့လာရတာသိပ်ပျော်တယ်။ အရင်ကသူ့သမီးဆီကကြားခဲ့ရတယ်။ အခုတော့သူလက်တွေ့လေ့လာရတဲ့အတွက်တအားပျော်မိပါတယ်။ တစ်ခါမှမသင်ခဲ့မကြားခဲ့တဲ့အရာတွေဖြစ်တယ်။ ကျနော်အရင်ကတည်းကသိရရင်သိပ်ကောင်းမှာဘဲလို့ အမီရာအဖေကပြောပါတယ်။

အမီရာအဖေဟာကျမ်းစာလေ့လာရတာအရမ်းပျော်တယ်။ ဥပုသ်နေ့မှာလည်းဘုရားကျောင်းကိုအတူတူသွားကြတယ်။ ဒါကိုအမီရာမေမေကမကြိုက်ဘူး။ ဘုရားကျောင်းမသွားဖို့တားမြစ်တယ်။ အဲဒီအချိန်မှာအမီရာရဲ့ဖေဖေဟာဗိုက်ပြန်နာလာတယ်။ ဒါနဲ့အသင်းအုပ်ဆရာကသတ္တမနေ့အသင်းတော်ဆေးရုံကိုတင်လိုက်တယ်။ ဖေဖေဟာဆေးရုံမှာပဲ အသင်းတော်ကဆရာဝန် သူနာပြုတွေရဲ့ဂရုစိုက်ဖော်ရွေမှုကြောင့်သက်လာလာပြီး သူ့နာကျင်မှုဟာပျောက်သွားပါတယ်။ အမီရာဖေဖေဟာယေရှုကို ကယ်တင်ရှင်အနေနဲ့လက်ခံဖို့မေမေကိုပြောတဲ့အခါ မေမေဟာစိတ်ဆိုးပြီးအခြားအခန်းမှာသွားအိပ်ပါတယ်။ သို့သော်ဖေဖေကဘာပဲဖြစ်ဖြစ်ယေရှုကိုကယ်တင်ရှင်အဖြစ်လက်ခံမယ်ဆိုပြီးဆုံးဖြတ်လိုက်ပါတယ်။ အဲဒီအခါမေမေဟာ စိတ်ပြောင်းသွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့သူ့ခင်ပွန်းဆေးရုံတက်တဲ့အခါမြော်လင့်ခြင်းဆရာ၊ဆရာမတွေကကြင်နာစွာပိုင်းဝန်းကူညီတဲ့အပြင်ဆေးဖိုးဝါးခတွေကိုလည်းကူညီကြတဲ့အတွက် ခင်ပွန်းကိုယေရှုကိုလက်ခံဖို့ခွင့်ပြုလိုက်ပါတယ်။ ခုချိန်မှာဖေဖေဟာ အမီရာရဲ့မေမေစိတ်နှလုံးပြောင်းလဲဖို့ဆုတောင်းနေပါတယ်။ အမီရာကိုသတ္တမနေ့မြော်

လင့်ခြင်းကျောင်းပို့ခဲ့ရတဲ့အတွက်သူ့အရမ်းဂမ်းသာတယ်။ သားအဖတွေယေရှုကိုသိပြီးလက်ခံခဲ့ရတဲ့အတွက်အလွန်ပျော်ကြပါတယ်။

ဤ ၁၃ ပတ်အလှူငွေတချို့ဟာ နီပေါနဲ့အိန္ဒိယမှာသာသနာဖြန့်ဖြူးဖို့အတွက်ကူညီထောက်ပံ့မှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။